# ၂၀၂၁ ခုနှစ် စက်တင်ဘာလ ၁ ရက်နေ့ မှ ၇ ရက်နေ့ထိ မြန်မာနိုင်ငံတွင်း ဖြစ်ပွားခဲ့သော တိုက်ပွဲများ နှင့် ပဋိပက္ခဖြစ်စဉ်များအကျဉ်းချုပ်

## ဖြစ်စဉ်များအလိုက် စကစနှင့်ပြည်သူများ၏ ထိခိုက်သေဆုံးမှုများ




**ပုံ(၁) ဖြစ်စဉ်အလိုက် ထိခိုက်သေဆုံးမှုများ**

စက်တင်ဘာလ ၁ ရက် မှ ၇ ရက်နေ့ထိ ဖြစ်ပွားခဲ့သော ဖြစ်စဉ်များတွင် ကနဦးရရှိသော သတင်းအချက်အလက်များအရ စ.က.စ ဘက်မှ သေဆုံးသူစုစုပေါင်း (၁၄၄)ဦး၊ စ.က.စ ကို ထောက်ခံသူများ၊ ပျူစောထီးများနှင့် ဒလန်များဘက်မှ သေဆုံးသူစုစုပေါင်း (၁၈)ဦး၊ အရပ်သားသေဆုံးသူစုစုပေါင်း (၁၃)ဦး၊ စ.က.စ ဘက်မှ ဒဏ်ရာရရှိသူစုစုပေါင်း (၄၅)ဦး၊ စ.က.စ ကိုထောက်ခံသူများ၊ ပျူစောထီးများနှင့် ဒလန်များဖက်မှ ဒဏ်ရာရရှိသူစုစုပေါင်း (၁)ဦး၊ အရပ်သားဒဏ်ရာရရှိသူစုစုပေါင်း (၁၅)ဦး နှင့် အရပ်သားဖမ်းစီးခံရသူ (၈၃)ဦး ရှိပါသည်။ ယခုတစ်ပတ်ရရှိသော အချက်အလက်များအရ လက်နက်ကိုင်တိုက်ပွဲများကြောင့်

စကစဘက်မှ (၄၄)ဦး၊ လက်နက်ကိုင်ခုခံမှုများကြောင့် စကစဘက်မှ (၉၄)ဦး၊ လုပ်ကြံမှုများကြောင့် စ.က.စ (၅)ဦး နှင့် စ.က.စ ထောက်ခံသူ လက်ပါးစေ (၁၈)ဦး၊ ပေါက်ကွဲမှုများ ကြောင့် စ.က.စ(၁)ဦး သေဆုံးခဲ့ကြသည်။ စ.က.စ ၏ အရပ်သားများအပေါ် အကြမ်းဖက်မှု ဖြစ်စဉ်များကြောင့် အရပ်သား (၁၀)ဦး သေဆုံးခဲ့ပြီး လက်နက်ကိုင်တိုက်ပွဲများကြောင့်လည်း (၂)ဦး သေဆုံးခဲ့သည်။ ထို့အပြင် ယခုတစ်ပတ်အတွင်း တိုက်ပွဲများနှင့်ပဋိပက္ခဖြစ်စဉ်များအတွင်း အရပ်သားပြည်သူ (၈၃)ဦး အဖမ်းခံခဲ့ရပါသည်။ အထက်ပါ အချက်အလက်များအရ လက်နက်ကိုင်ခုခံမှုများကြောင့် စ.က.စဘက်မှ အများဆုံးသေဆုံးခဲ့ပြီး ပြည်သူများ ဘက်မှလည်း စ.က.စ၏ အရပ်သားများအပေါ် အကြမ်းဖက်မှုများကြောင့် အများဆုံးသေဆုံးခဲ့သည်။ ထို့အပြင် လက်နက်ကိုင်တိုက်ပွဲများကြောင့် စ.က.စ (၂၁)ဦး၊ လက်နက်ကိုင်ခုခံမှုများကြောင့် စ.က.စ (၂၀)ဦး နှင့် လုပ်ကြံမှုများကြောင့် စ.က.စ (၄)ဦး အသီးသီးဒါဏ်ရာရရှိခဲ့သည်။ ပြည်သူများဖက်မှလည်း လက်နက်ကိုင် ခုခံမှုများကြောင့် (၉)ဦး၊ စ.က.စ၏ အကြမ်းဖက်မှုများကြောင့် (၄)ဦး နှင့် ပေါက်ကွဲမှုများကြောင့် (၂)ဦး အသီးသီး ဒါဏ်ရာရရှိခဲ့သည်။ သို့သော် သေဆုံးထိခိုက် စာရင်းများမှာ စ.က.စ ဘက်မှ သတင်းထိန်ချန်မှုများ မြေပြင်ထိလက်လှန်းမမီနိုင်သော အခြေအနေများကြောင့် ယခု ရရှိထားသော အချက်အလက်များနှင့် အနည်းငယ်ကွဲပြားမှုရှိနိုင်ပါသည်။

**တိုင်းနှင့်ပြည်နယ်အလိုက် ပဋိပက္ခဖြစ်ပွားမှုများ**




**ပုံ (၂) ပြည်နယ်နှင့်တိုင်းအလိုက် တိုက်ပွဲများနှင့် ပဋိပက္ခဖြစ်ပွားမှုများ**

စက်တင်ဘာလ ၁ ရက်နေ့ မှ ၇ ရက်နေ့အတွင်း ကနဦးရရှိသော အချက်အလက်များအရ တိုင်းနှင့်ပြည်နယ် အားလုံးအနက် စစ်ကိုင်းတိုင်းတွင် တိုက်ပွဲများနှင့် ပဋိပက္ခများစုစုပေါင်း (၃၁)ကြိမ် ဖြစ်ပွားခဲ့ပြီး အများဆုံး ဖြစ်သည်။ ရန်ကုန်တိုင်းတွင် တိုက်ပွဲများနှင့် ပဋိပက္ခများစုစုပေါင်း (၂၀)ကြိမ် ဖြစ်ပွားခဲ့ပြီး ဒုတိယအများဆုံး ဖြစ်သည်။ မန္တလေးတိုင်းတွင် တိုက်ပွဲများနှင့် ပဋိပက္ခများစုစုပေါင်း (၁၈)ကြိမ် ဖြစ်ပွားခဲ့ပြီး တတိယ အများဆုံး ဖြစ်သည်။ ပေါက်ကွဲမှုဖြစ်စဉ်များမှာ ရန်ကုန်တိုင်းတွင် အများဆုံးဖြစ်ပွားခဲ့ပြီး (၁၁)ကြိမ်၊ မန္တလေးတိုင်းတွင် (၇)ကြိမ်၊ မကွေးတိုင်းတွင် (၅)ကြိမ်၊ စစ်ကိုင်းတိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် (၂)ကြိမ်စီ၊ ပဲခူးတိုင်းနှင့် ရှမ်းပြည်နယ်တို့တွင် (၁)ကြိမ်စီ နှင့် စုစုပေါင်း (၂၉)ကြိမ် ဖြစ်ပွားခဲ့သည်။ လက်နက်ကိုင်တိုက်ပွဲဖြစ်ပွားမှုများမှာ ရှမ်းပြည်နယ်တွင် အများဆုံးဖြစ်ပြီး (၆)ကြိမ်၊ ကရင်ပြည်နယ်တွင် (၅)ကြိမ်၊ ကယားပြည်နယ်တွင် (၄)ကြိမ်၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းတို့တွင် (၁)ကြိမ်စီ နှင့် စုစုပေါင်း (၁၈)ကြိမ် ဖြစ်ပွားခဲ့သည်။ ပြည်သူများ၏ လက်နက်ကိုင်ခုခံမှု ဖြစ်စဉ်များမှာ စစ်ကိုင်းတိုင်းတွင် အများဆုံးဖြစ်ပွားခဲ့ပြီး (၉)ကြိမ်၊ မန္တလေးတိုင်းတွင် (၄)ကြိမ်၊ ချင်းပြည်နယ်၊ မကွေးတိုင်နှင့်

တနင်္သာရီတိုင်းတို့တွင် (၂)ကြိမ်စီ၊ ကယားပြည်နယ်၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ပဲခူးတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် (၁)ကြိမ်စီ နှင့် စုစုပေါင်း (၂၄)ကြိမ် ဖြစ်ပွားခဲ့သည်။ လုပ်ကြံမှုများမှာ ရန်ကုန်တိုင်းတွင် အများဆုံးဖြစ်ပြီး (၆)ကြိမ်၊ စစ်ကိုင်းတိုင်တွင် (၅)ကြိမ်၊ မန္တလေးတိုင်းတွင် (၃)ကြိမ်၊ ကချင်ပြည်နယ် ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ဧရာဝတီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် (၁)ကြိမ်စီ နှင့် စုစုပေါင်း (၂၁)ကြိမ် ဖြစ်ပွားခဲ့သည်။ စ.က.စ၏ အရပ်သားများအပေါ် အကြမ်းဖက်မှု အကြိမ်အရေအတွက်မှာ စစ်ကိုင်းတိုင်းတွင် အများဆုံးဖြစ်ပြီး (၁၄)ကြိမ်၊ မန္တလေးတိုင်းတွင် (၄)ကြိမ်၊ မကွေးတိုင်းတွင် (၃)ကြိမ်၊ ကချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ပဲခူးတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် (၂)ကြိမ်စီ၊ ချင်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် (၁)ကြိမ်စီ နှင့် စုစုပေါင်း (၃၅)ကြိမ် ဖြစ်ပွားခဲ့သည်။ ယခုတစ်ပတ်တွင် စစ်ကောင်စီများအချင်းချင်းပစ်ခတ်မှုများ မရှိပါ။

မှတ်ချက် -အထက်ပါအချက်အလက်များအားလုံးသည် ပြည်တွင်းသတင်းမီဒီယာ (၃၀) ကျော်၏ အင်တာနက် စာမျက်နှာများတွင် ဖော်ပြထားသော သတင်းများမှ ကောက်နှုတ်တင်ပြထားခြင်းဖြစ်ပါသည်။